ကျောင်းဧရိပ်ကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောင်းဧရိပ်ကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ ဧန်နဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျောင်းဇရပ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁/၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၆ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း

တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

ဇန်နဝါရီလ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ကျောင်းဇရပ်ကျေးရွာ

သထုံမြို့နယ်

ကျောင်းဇရပ်ကျေးရွာ သယံဇာတပြဖြေပုံ၊ သထုံမြို့နယ်



ကျောင်းဇရပ်ကျေးရွာ ရာသီခွင်ပြပကွင်းဒိန်၊ သထုံမြို့နယ်



ကျောင်းဧရပ်ကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်



ကျောင်းဧရပ်ကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်



ကျောင်းဇရပ်ကျေးရွာ AVIP ၊ သထုံမြို့နယ်



ဇရစ်ချောင်အုပ်စု - ကျောင်းဇရပ်ကျေးရွာဇွန်ကုပ်ငန်းအရင်း (၁၈.၁၂.၂၀၂၁)

စဉ်	ကုပ်ငန်းအမည်	၂၀၂၁-၂၀၂၂ (Mini)	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆
၁။	အောင်ချမ်းအာ(၅)လမ်း ကွန်ကရစ်ခင်းခြင်း	✓	–	–	–	–
၂။	အောင်ချမ်းအာ(၄)လမ်း ဆံတားဆောက်လုပ်ခြင်း	–	✓	–	–	–
၃။	အောင်ချမ်းအာ(၄)လမ်း ကွန်ကရစ်ခင်းခြင်း	–	–	✓	–	–
၄။	အောင်ချမ်းအာ(၇)လမ်း ဆံတားဆောက်လုပ်ခြင်း	–	–	–	✓	–
၅။	အောင်ချမ်းအာ(၇)လမ်း ကွန်ကရစ်ခင်းခြင်း	–	–	–	–	✓

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျောင်းဧရပ်ကျူးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ ဧရစ်ချောင်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တောင်တန်းကြီးနှင့် လေ့ကျင့်ရေးတပ်၊ အနောက်ဘက်တွင် ဧရစ်ချောင်စာသင်ကျောင်းနှင့် ဧရစ်ချောင်ကျေးရွာ တည်ရှိပါသည်။ တောင်ဘက်တွင် အလံတစ်ရာဘုရားကြီးတည်ရှိပြီး ၊ မြောက်ဘက်တွင် ရွာချင်းဆက် သင်းထော်ကျေးရွာ တည်ရှိပါသည်။ ကျေးရွာတွင် နေထိုင်သူများသည် ပအိုဝ်၊ ကရင်၊ ဗမာ တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော ဥယျာဉ်ခြံမြေ (၁၀)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိမိတို့ကိုယ်ပိုင်ခြံဝန်းအတွင်း၌ ရာသီအလိုက် အသီးအနှံများကို မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပြီး ပိုလျှံပါက အိမ်နီးနားချင်းများကို ရောင်းချခြင်း၊ ဝေမျှခြင်း ပြုလုပ်ကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိ/ဖအဖွဲ့တွင် ကျား (၅) ဦးဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ သာရေး/နာရေး စသည့် လူမှုရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီလုပ်ဆောင်နေကြပါသည်။ ကာလသားသမီးအဖွဲ့တွင် (ကျား ၁၀ဦး၊ မ - ၁၀ဦး)ဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ သာရေး/နာရေး ၊ လူမှုရေး လုပ်ငန်းများတွင် စုပေါင်းလုပ်ဆောင်ကြပါသည်။ အိုးသူကြီးအဖွဲ့သည် (ကျား-၄ဦး)ဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာရှိ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွင် (ကျား-၅ဦး) ဖြင့် ဖွဲ့စည်းထားပြီး ဓမ္မစကူးလ်အသင်းအဖွဲ့တွင် မ(၆)ဦးဖွဲ့စည်းထားပြီး မူလတန်းစာသင်ကျောင်းရှိ ဆရာ/မ များနှင့်ပူပေါင်း၍ ကလေးများ၏ ပညာရေး ကဏ္ဍတိုးတက်လာရန်အတွက် လုပ်ဆောင် လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျောင်းဇရပ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများရှိပြီး လယ်(၁၅)ဧက ရှိပါသည်။ မိုးစပါးကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေ စိုက်ပျိုးလုပ်ကိုင်သူများရှိပြီး ဧက(၁၀)ခန့်ရှိပါသည်။ ကွမ်းစိုက်ပျိုးသူများလည်းရှိပြီး မြေဆီလွှာ အရည်အသွေး ကောင်းမွန်ပြီး စိုက်ပျိုးရေလုံလောက်မှုရှိပါ သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၅၆) အိမ်ရှိပြီး နွားကောင်းရေ (၆၀) ကောင်၊ အိမ်ထောင်စု (၅) အိမ်မှ ဆိတ် (၃၂) ကောင်၊ အိမ်ထောင်စု (၃) အိမ်မှ ဝက် (၃) ကောင်၊ အိမ်ထောင်စု (၃၃) အိမ်မှ ကြက် (၂၈၀) ကောင်၊ အိမ်ထောင်စု (၈) အိမ်မှ ဘဲ (၃၂) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ ကျောင်းဇရပ်ကျေးရွာတွင် နွားများ၊ဆိတ်များ၊ ဝက်များ နှင့်ကြက်များ၊ ဘဲများ ကိုတစ်နိုင်တစ်ပိုင် မွေးမြူးကြပါသည်။ မွေးမြူရေးဆိုင်ရာ နည်းပညာများမသိရှိခြင်း၊ အရင်းအနှီးငွေ နည်းပါးခြင်းတို့ကြောင့် ငါးနှင့် အခြားမွေးမြူရေး တိရိစ္ဆာန်များကို စီးပွားဖြစ် မမွေးနိုင်ပါ။ ထို့ကြောင့် စိုက်ပျိုးရေး အသိပညာပေး သင်တန်းများအပြင် မွေးမြူရေးဆိုင်ရာသင်တန်းများပါ ဖွင့်လှစ်ဆောင်ရွက် ပေးမည်ဆိုပါက မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းမှာ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြသဖြင့် တိရစ္ဆာန် သောက်သုံးရေနှင့် ပတ်သက်သော အခက်အခဲများမရှိပါ။ သထုံမြို့နှင့်နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊ အစာနှင့် ဆေးများကို အလွယ်တကူရနိုင်ပါသည်။ တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု အသင့်အတင့်ရှိသဖြင့် တစ်ပိုင်တစ်နိုင် မွေးနိုင်ခြင်းဖြစ်ပါသည်။ **ထို့အပြင် မွေးမြူရေးနှင့် ပတ်သက်သည့်အသိပညာများရရှိပါက** မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်နိုင် မည်ဖြစ်ပါသည်။ **ထို့ကြောင့်** မွေးမြူရေး နှင့်ပတ်သက်သည့် အသိပညာများရရှိပါက မွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း မလုပ်ကိုင်သည့် အိမ်ထောင်စုများသည် ဈေးရောင်း

ခြင်း၊ ဆောက်လုပ်ရေး ၊ပို့ဆောင်ရေး နှင့် **အိမ်တွင်းလက်မှုပညာ၊ အလှပြုပြင်ရေးလုပ်ငန်းများနှင့်** ကြံရာ၊ ကျပန်း လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြပြီး အသက်မွေးမှုနည်းပညာအားနည်းခြင်း၊ တတ်မြောက်မှုမရှိခြင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုအားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းတို့ကြောင့် တစ်ခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်း ဖြစ်ပါသည်။ **ထို့အပြင်ကျောင်းဇရပ်**ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမလုပ်သော အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများ၊ ကြံရာကျပန်းလုပ်ကိုင်သောအိမ်ထောင်စုများသည် အသက်မွေးဝမ်းကျောင်းနှင့် အသေးစား အလတ်စား ဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာ ဝန်ဆောင်မှုမရှိခြင်း၊ အလုပ်နှင့် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ပညာများ တတ်မြောက်မှုမရှိခြင်း၊ ရင်းနှီးမြှုပ်နှံရန် ငွေကြေးမရှိခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသူများနှင့် ကျပန်း လုပ်သားများသည် ငွေချေးပေးသူထံတွင် အပေါင်ခံပစ္စည်းများဖြင့် ပေါင်နှံခြင်း၊ မိတ်ဆွေနှင့်ဆွေမျိုးများထံမှ အတိုးနှုန်းအသင့်တင့်ဖြင့် ချေးငွေအနည်းငယ်သာရရှိပါ သည်။ ပြင်ပအဖွဲ့အစည်းများဖြစ်သည့် စထာပါနာငွေစုငွေချေးအဖွဲ့မှလည်း အိမ်ထောင်စုများ အတွက် ချေးငွေဝန်ဆောင်မှုမှာ ကာလတိုသာဖြစ်သောကြောင့် ငွေကြေးအရင်းအနှီး အခက်အခဲ ရှိပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၁-၂) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၁၂၄) စီး၊ မော်တော်

ဆိုင်ကယ် (၅၆) စီး၊ သုံးဘီးဆိုင်ကယ် (၂)စီး၊ ထော်လာကျီ (၄)စီး၊ ကား (၁၆)စီး ၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင် ရွာအဝင်လမ်း ၁လမ်းသာ ကွန်ကရစ်လမ်းဖြစ်ပြီး ကျန်လမ်းများမှာ မြေသားလမ်းဖြစ်သည်။ ၎င်းကွန်ကရစ်လမ်းကို (၂၀၁၆)ခုနှစ်တွင် လွတ်တော်ဘတ်ဂျက်ဖြင့် (၂၃၀၀)ကွန်ကရစ်လမ်းကို ဆက်လက်ခင်းခဲ့ပါသည်။ ၎င်းလမ်းများ ခင်းရာတွင် ရွာသူ/သားများက လုပ်အားများစိုက်ထုတ်ကြပါသည်။ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်း ဖြစ်ပါသည်။ ၎င်းရွာအဝင်လမ်းသည် ရွာတွင်းလမ်းမကြီးဖြစ်သည့်အပြင် စာသင်ကျောင်းနှင့် ဓမ္မာရုံ၊ ဘုန်းကြီးကျောင်းသည် လမ်းအဆုံးတွင် ရှိသဖြင့် ဥပုတ်စောင့်သူများ၊ ဆွမ်းပို့သူများ၊ ပညာသင်ကြားနေသော ကျောင်းသားများ အတွက်အသုံးဝင်သည့်အပြင် လမ်းမကြီးဖြစ်သည်။ ရွာချင်းဆက်လမ်းသည် သင်းထော်ကျေးရွာနှင့် ဆက်စပ်နေသော လမ်းဖြစ်သည်။ ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

ကျောင်းဇရပ်ကျေးရွာတွင် မဟာဓာတ်အားလိုင်း အသုံးပြုနေသည့် အိမ်ထောင်စု (၁၂၄)စု၊ ဆိုလာစနစ်ကိုအသုံးပြုနေသည့် အိမ်ထောင်စု(၂၁)စု ရှိပါသည်။ ကျောင်းဇရပ်ကျေးရွာတွင် မဟာဓါတ်အား လိုင်းချိတ်ဆက်၍ လျှပ်စစ်မီးရရှိပြီး ရွာအနီးအနားတွင် ထရန်းစဖော်မာ တစ်လုံးနှင့် ၎င်းထရန်စဖော်မာအထိ လျှပ်စစ်မီးတိုင်နှင့်မီးကြိုးများကို တပ်ဆင်ထားပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျောင်းဇရပ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၃၁၂) လုံး၊ ရေဒီယို (၈) လုံး၊ တီဗွီ (၉၁) လုံး၊ ဂြိုလ်တုစလောင်း (၉၁) လုံး စသည်တို့မှ ရရှိသည့်အပြင် ကျေးရွာအတွင်း ဖုန်းတာဝါတိုင်ရှိသည့်အတွက် ဖုန်းဆက်သွယ်မှုအခက်အခဲ မရှိပါ။သတင်းအချက်အလက်များကို တယ်လီဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်းများမှ သိရှိရပါသည်။ ဒါ့အပြင် သတင်းအချက်အလက်ဖြန့်ဝေမှုကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ တဆင့်လည်း သိနိုင်သည်။သဘာဝဘေးအန္တရာယ် လျော့ချရေး၊ကြိုတင် ကာကွယ်ရေးစသည့် အစီအစဉ်များ ပို့ချရန်လိုအပ်ပါသည်။

၆။ ပညာရေး

ကျောင်းဇရပ်ကျေးရွာ၏ စာမတတ်သူဦးရေများမှာ အသက်ကြီးရွယ်အိုများ ဖြစ်ကြသည်။ မူလတန်း အဆင့်အောင်မြင်သူ (၂၅၇)ဦး၊ အလယ်တန်းအဆင့် တတ်မြောက်သူ

(၁၃၃)ဦး၊ အထက်တန်းအဆင့် အောင်မြင် သူ(၁၀၇)ဦး၊ တက္ကသိုလ်ကောလိပ်တတ်မြောက်သူ (၆၆)ဦးတို့ပါရှိသည်။ လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူများ သည် မူလတန်းပညာကို ကျေးရွာရှိ မူလတန်းကျောင်းတွင်လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းပညာကို အ.ထ.က (ကျိုက္ကော်)စာသင်ကျောင်းတွင်လည်းကောင်း တက်ရောက်နေကြပါသည်။ တက္ကသိုလ်ပညာကို မော်လမြိုင်တက္ကသိုလ်တွင် လည်းကောင်းပညာသင်ကြားနေကြပါသည်။

ကျောင်းဇရပ်ကျေးရွာ၏ မူလွန်ကျောင်းတွင် ဆရာ၊ဆရာမ (၄၀:၁) ဖြစ်သောကြောင့် လုံလောက်ပါသည်။ ကျောင်းခြံစည်းရိုးကောင်းမွန်ပြီး ကျောင်းရေရရှိမှု လုံလောက်ပါသည်။ သို့သော်လည်း ဆရာ(၉)၊ဆရာမ(၉)ဦးရှိပြီး သထုံမြို့တွင် နေထိုင်ကြသူများ ဖြစ်ကြသဖြင့် ကျောင်းနှင့်အိမ်ကို နေ့ချင်းပြန်သွား၍ ကလေးများကို ပညာသင်ကြားပေးကြရပါ သည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျောင်းဇရပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆရာမမှ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ကာကွယ်ဆေး(၃)ကြိမ် ၊မေးခိုင် (ကိုယ်ဝန်ဆောင်)ကာလအတွင်း အပိုဆောင်း (၅)ကြိမ် ထိုးပေးပါသည်။ လိုအပ်သောကာကွယ်ဆေးများကို တစ်လ(၁)ကြိမ် ပုံမှန်ထိုးပေးပါသည်။ ကျောင်းဇရပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။သို့သော်လည်း ကျေးရွာမှ (၅)နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် နောင်ဘိုကျေးရွာရှိ နောင်ဘိုကျေးလက် ကျန်းမာရေးဌာနခွဲသို့ သွားရောက်၍ ကာကွယ်ဆေးထိုးနှံကြပါသည်။ အရေးပေါ်လူနာများကို သထုံမြို့ရှိ သထုံခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသရပါသည်။

ကျောင်းဇရပ်ကျေးရွာ၌ မိုးရာသီ၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ် ကွေးရောဂါဖြစ်တတ်ပါသည်။ ငှက်ဖျားရာသီတွင်လည်း ဌက်ဖျားရောဂါ ဖြစ်တတ်ပါသည်။ ကျေးရွာအတွင်းတွင် ဆီးချိုနှင့် သွေးတိုးရောဂါ ဖြစ်ပွားနှုန်း မြင့်မားသည်။ ဒါ့အပြင် ကျန်းမာရေး အသိပညာ ဗဟုသုတ အားနည်းခြင်းကြောင့်လည်း ပညာရေးနှောင့်နှေး ရခြင်းဖြစ်ပါသည်။ ကျန်းမာရေးအသိပညာ မရှိခြင်း၊ နေထိုင်စားသောက်မှု မမှန်ကန်ခြင်းတို့ကြောင့် တီဘီ၊ ဆီးချို နှင့် သွေးတိုးရောဂါဖြစ်ပွားနှုန်းများ ရခြင်းဖြစ်ပါသည်။

သောက်သုံးရေအနေဖြင့်ကျေးရွာတွင် ရေတွင်းပေါင်း (၉၈)တွင်းရှိပါသည်။ အိမ်ထောင်စု(၅၆)စုမှာ အဝီစိတွင်းကို သုံးစွဲကြပါသည်။ ကျေးရွာအတွင်းရှိသော အိမ်ထောင်စုများသည် လက်တူးတွင်းကို (၂၅)တောင်၊အတောင်(၃၀) တူးထားသော်လည်း နွေရာသီ၌ ရေခမ်းခြင်းများ ကြုံတွေ့ရပါသည်။ထိုအချိန်တွင် ရေလုံလောက်စွာ ရရှိသော

ရေတွင်းများမှလည်း ရေကိုမျှဝေသုံးစွဲရပါသည်။ ထို့ကြောင့် မြေနေရာလည်းရှိသဖြင့် ကျေးရွာအလယ်တွင် စက်ရေတွင်းနှင့် စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေသောကြောင့် ရေမလုံလောက်မှုများ ကြုံတွေ့နိုင်မည် မဟုတ်ပါ။ ကျေးရွာအတွင်းတွင် ရေလောင်း/ ယင်လုံအိမ်သာကိုအများဆုံး သုံးစွဲကြပါသည်။ မသန့်ရှင်းသော အိမ်သာများ အသုံးပြုသူများ မရှိပါ။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျောင်းဇရပ်ကျေးရွာတွင် ရေကြီးနစ်မြုပ်မှုများ မကြုံတွေ့ရပါ။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲ မှုအနေဖြင့်အမှိုက်များကို မိမိအိမ်ခြံဝန်းအတွင်း၌ ကျင်းတူးပြီး မီးရှို့သော အိမ်ထောင်စုအချို့ရှိပါသည်။ အမှိုက်များကို စနစ်တကျစွန့်ပစ်မှုအားနည်းသော အိမ်ထောင်စုများလည်းရှိသောကြောင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်၍ အမှိုက်စွန့်ပစ်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသာယာလှပသန့်ရှင်းအောင် ဆောင်ရွက်သင့်ပါသည်။

ကျေးရွာအနီးနှင့် ပတ်ဝန်းကျင်တွင်ဓါတ်သတ္တု၊ သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ၊ အခြားသဘာဝအရင်းအမြစ်များ မရှိသော်လည်း နွားစာမြက်အနည်းငယ် ရှိပါသည်။ ကျောက်၊ သဲနှင့် ကျောက်စရစ်များမှာ ကျေးရွာ၏ အနီးပတ်ဝန်းကျင် တွင် မရှိသော်လည်း ကရင်ပြည်နယ် ၊ဘားအံမြို့နယ်၊ မြိုင်ကလေး ကျေးရွာတို့မှ အလွယ်တကူဝယ်ယူရရှိအသုံးပြုနိုင်ပါသည်။

ကျေးရွာအတွင်းတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများမရှိပါ။ မသန်စွမ်းအိမ်ထောင်စုများ ရှိသော်လည်း တစ်ဦးကိုတစ်ဦးမိသားစု၊ မိတ်ဆွေများ သဖွယ် ကူညီစောင့်ရှောက်မှုများဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြပါသည်။ ဆင်းရဲသည့်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု နှင့်လက်လုပ်လက်စား ကျပန်းများလုပ်ကိုင် သည့် အိမ်ထောင်စုများအနည်းငယ်ရှိပါသည်။သို့သော်လည်း ကျောင်းဇရပ်ကျေးရွာသည် ဝမ်စာဖူလုံမှုရှိခြင်း၊ သဘာဝဘေးအန္တရာယ်များမရှိခြင်း၊ တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းတတ်ခြင်း တို့ကြောင့် ၄င်းမိသားစုများအတွက် ထိခိုက်မှု ခံရနိုင်ချေနည်းပါးပါသည်။

အသက်မွေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို တစ်နိုင်တစ်ပိုင်အဓိကထားလုပ်ကိုင်သောကြောင့် စားနပ်ရိက္ခာ မပိုလျှံသော်လည်းဖူလုံမှု ရှိပါသည်။ စိုက်ပျိုးရေရှားပါးခြင်း၊

ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း စသည့်သဘာဝဘေးအန္တရာယ် များမရှိသော်လည်း နွေရာသီတွင် အပူလွန်ကဲမှုကြောင့် သောက်သုံးရေးရှားပါးခြင်းကို တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ ကိုယ်ခံအား ကျဆင်းမှုရောဂါမရှိပါ။ ရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အေးချမ်းစွာ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ နွား၊ ဆိတ်တို့မှ တစ်ခါတစ်ရံ လျှာနာ၊ ခွာနာရောဂါ ဖြစ်တတ်ပါ သည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်ရေးတွင် အမျိုးသမီးများ မပါဝင်ကြပါ။ သို့သော် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများက တက်ကြွစွာ ပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှု မရှိသလောက်နည်းပါး ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုနှင့် တရားမျှတ မှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုအားနည်းပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဇရစ်ချောင်ကျေးရွာအုပ်စု			ကျေးရွာအမည် – ကျောင်းဇရပ်ကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အောင်ချမ်းသာ(၅)လမ်းမှ ကွန်ကရစ်မခင်းရသေးသည့် မြေသားလမ်းအား မြေသားလမ်းမှ ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	ဦးစားပေးအဆင့်(၁)
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အောင်ချမ်းသာ(၄)လမ်းမှ တံတားဆောက်လုပ်ပြုပြင်ခြင်း	ဦးစားပေးအဆင့်(၂)
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အောင်ချမ်းသာ(၄)လမ်းမှ ကွန်ကရစ်မခင်းရသေးသည့် မြေသားလမ်းအား မြေသားလမ်းမှ ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	ဦးစားပေးအဆင့်(၃)
၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အောင်ချမ်းသာ(၇)လမ်းမှ တံတားဆောက်လုပ်ပြုပြင်ခြင်း	ဦးစားပေးအဆင့်(၄)
၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အောင်ချမ်းသာ(၇)လမ်းမှ ကွန်ကရစ်မခင်းရသေးသည့် မြေသားလမ်းအား မြေသားလမ်းမှ ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	ဦးစားပေးအဆင့်(၅)

ကျောင်းဧရပ်ကျေးရွာ၊ ဧရစ်ချောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှသိန်း	ဦးသာကူး	၁၀/သထန (နိုင်) ၁၀၄၂၈၇	၄၉	ဥက္ကဋ္ဌ	၀၉၇၈၇၇၄၅၂၂၄၀
၂	ဦးလှမင်းအောင်	ဦးအောင်နိုင်သူ	၁၀/သထန (နိုင်) ၁၇ဖ၉၈၇	၃၃	အတွင်းရေးမှူး	၀၉ဖ၉၈၁၉၃၉၂၂
၃	ဦးကျော်ဝင်းလှိုင်	ဦးဘတင်	၁၀/သထန (နိုင်) ၁၈၄၅၄၄	၅၀	ဘဏ္ဍာရေးမှူး	၀၉၉ဖ၅၅ဖ၉၈၃၈
၄	ဦးအေးနိုင်	ဦးအောင်လှိုင်	၁၀/သထန (နိုင်) ၁၂၈ဖ၉၇	၅၃	စာရင်းကိုင်	၀၉၇၅၃၀၂၅၇၄၂
၅	ဦးစောထက်အောင်	ဦးအောင်မြိုင်	၁၀/သထန (နိုင်) ၁၃၈၃၀၃	၅၃	သေ့ကိုင်-၁	၀၉၂၅၁၄၃၃၁၁ဖ
၆	ဒေါ်အေးမိုးသက်	ဦးသန်းအောင်	၁၀/သထန (နိုင်)၂၁၂၉၄၁	၂၃	သေ့ကိုင်-၂	၀၉၇၇၇၂၁၉ဖ၂၉
၇	ဒေါ်ဇင်ဝင်းထက်				အဖွဲ့ဝင်	
၈	ဦးပိုင်စိုး	ဦးမျိုးဇော်လတ်	၁၀/သထန (နိုင်) ၂၈၄၃၇၂	၁၉	အဖွဲ့ဝင်	၀၉၇ဖ၉၅၈၈၈၄၅
၉	ဒေါ်တင်တင်ချို	ဦးအောင်မြင့်	၁၀/သထန (နိုင်) ၁၀၉၃၅၃	၄၈	အဖွဲ့ဝင်	၀၉၇၉၇၇၈၉၇၃၄
	ဝယ်ယူရေးကော်မတီ					
၁	ဦးကျော်ဝင်းလှိုင်				ဥက္ကဋ္ဌ	
၂	ဒေါ်တင်တင်ချို				ဘဏ္ဍာရေးမှူး	
၃	ဦးစောထက်အောင်				စာရင်းကိုင	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၆	၅	၁၁	၂	၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၁	၁၄	၃၅		
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၃	၂၇	၅၀		
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၅	၂၀	၆၅		
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၃၉	၂၄၆	၄၈၅		
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄	၁၃	၁၇		
စုစုပေါင်း		၃၃၈	၃၂၅	၆၆၃	၂	၂
စုစုပေါင်း အိမ်ထောင်စု		၁၂၄				

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျောင်းဇရပ်ကျေးရွာအနေဖြင့် အိမ်ထောင်စု(၁၂၄) အိမ်ရှိပါသည်။ နို့စို့အရွယ်ကလေး (၁၁)ယောက်၊(၅)နှစ်အရွယ်ကလေး စုစုပေါင်း (၃၅)ယောက်၊ မူလတန်း ကျောင်းသားအရွယ် စုစုပေါင်း (၅၀)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် စုစုပေါင်း (၆၅)ယောက်၊ အလုပ်လုပ် နိုင်သည့်အရွယ် (၆၃.၅၆%)၊ သက်ကြီးရွယ်ကြီးအရွယ် (၂.၅၈%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၉.၀၁)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် (၄၈၅)ယောက်နှင့် သက်ကြီးရွယ်အိုစုစုပေါင်း (၁၇)ယောက် ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွားလုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							

	ကိုယ်ပိုင် လုပ်ငန်း	၆	၁၀	၃	၆	၂		မြင့်□ လတ်✓ နိမ့် □
	အလုပ်သမား /ဝန်ထမ်း	၄	၅	၁	၁	၄		မြင့်□ လတ်✓ နိမ့် □
စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ် ထောင် စု	မိသားစု ဝင်လုပ် အား	အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
၂	တိရိစ္ဆာန်မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း	၄၇						မြင့်□ လတ်✓ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်							မြင့်□ လတ်□

	လုပ်ငန်း							နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၈	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)							
	ကိုယ်ပိုင် လုပ်ငန်း	၂			၁	၁		မြင့်✓ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း	၁				၁		မြင့်□ လတ်✓ နိမ့် □
၁၁	လက်လီ၊လက်ကားရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၂၇			၄	၂၃		မြင့်✓ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၂	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၃	ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား							မြင့်□ လတ်□

	/ဝန်ထမ်း							နိမ့် □
၁၄	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့် ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၆	ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၈			-	၈		မြင့် □ လတ် ✓ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၉	လူမှုရေးလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ							
	ကိုယ်ပိုင်							မြင့် □ လတ် □

	လုပ်ငန်း							နိမ့် □
	အလုပ်သမား /ကျပန်း/ရာသီအလိုက် အလုပ်သမား							မြင့်□ လတ်□ နိမ့် □
၂၁	ပြင်ပအဖွဲ့စည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျောင်းဇရပ်ကျေးရွာအနေဖြင့် ကိုယ်ပိုင်လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခြင်း၊ ကျွမ်းကျင်ပညာရှင်များ၊လက်လီ လက်ကား ရောင်းဝယ်ခြင်း၊ပညာရေး၊ကျန်းမာရေး ဝန်ထမ်းများရှိကြောင်း တွေ့ရှိရပါသည်။အခြားသောလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သော အလုပ်သမားများ နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊	နေ့စား	၁၅၀၀၀	-	၈၀၀၀	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ပန်းရံလုပ်ငန်း					
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ကျောင်းဧရိယကျေးရွာအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်သော ကျား၊မ အလိုက် လုပ်အားခန္ဓနိုးထား ကွာခြားမှု ရှိပါသည်။ဆောက်လုပ်ရေး လုပ်ငန်းများတွင် ယောကျ်ားလေးများသာ အများဆုံး လုပ်ကိုင်ကြသည်။မိန်းကလေးများထက် ယောကျ်ားလေးများသည် အတွေ့အကြုံ ပိုများသောကြောင့် လုပ်အားခန္ဓနိုးထား ကွာခြားရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၅	ကောင်း ✓	သင့်☐	ညံ့ ✓
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၀	ကောင်း✓	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်

နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျောင်းဇရပ်ကျေးရွာအနေဖြင့် လယ်ယာစိုက်ပျိုးမြေအမျိုးအစား ကောင်းပါသည်။ လယ်ဧကမှာ (၁၅)ဧကအထိရှိပါသည်။ စားကျက်မြေ အမျိုးအစားလည်း အလွန်ကောင်းမွန်ပါသည်။ မြေဆီလွှာ အဆီအနှစ် အလွန်ကောင်းမွန်သောကြောင့် စိုက်ပျိုးနိုင်သော မြေဧရိယာနှင့် မစိုက်ပျိုးနိုင်သော မြေဧရိယာ မတွေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	☒	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ-မြေပေါ်ရေ(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ-မြေအောက်ရေ(တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ✓ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ✓ အပြောင်းအလဲမရှိ ☐
သစ်တော-အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သစ်တော-ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျောင်းဇရပ်ကျေးရွာအနေဖြင့် သဘာဝအပင်မျိုးစေ့များ အနည်းငယ်သာ တွေ့ရှိရပြီး သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ၊ကျောက်စရစ်များမထွက်ရှိပါ။သဘာဝ တိရစ္ဆာန်မျိုးစိတ်များအနည်းငယ်သာ တွေ့ရှိရပြီး မြေပေါ်ရေ၊ မြေအောက်ရေ၊အပူပိုင်းသစ်တောနှင့် ဒီရေတောများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧကမှ ၁၀ဧက	၁ဧကမှ၅ဧက	မရှိ	မရှိ
အိမ်အခြေအနေ	အုတ်ခံ၊နှစ်ထပ် ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုး	သွပ်မိုး၊ ပျဉ်ထောင်/ခင်း	ဖက်မိုး/ဖက်ကာ၊ ၊ထရံကာ	မရှိ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ် ထွန်စက်	ထော်လာကျီ၊သုံးဘီး၊ဆိုင် ကယ်၊စက်ဘီး	ဆိုင်ကယ်၊စက်ဘီး	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	လယ်ယာ၊ကြက် မောက်၊ရာဘာ၊ကွ မ်း၊ဈေးဆိုင်	ဈေးရောင်း၊ကွမ်းစိုက်	ကျပန်း၊	မရှိ
အိမ်ထောင်စု (၁၂၄)	၂၀	၇၄	၃၀	

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျောင်းဧရပ်ကျေးရွာအနေဖြင့် အဓိက အလုပ်အကိုင်မှာ ကွမ်းခြံဖြစ်ပြီး အခြားသောအလုပ်အကိုင်မှာ ရာဘာလုပ်ငန်းဖြစ်သည်။မြေယာပိုင်ဆိုင်မှု အများဆုံးဧကမှာ (၁၀)ဧက ဖြစ်ပါသည်။ ပြေလည်သောအိမ်အမျိုးအစားမှာ ပျဉ်ထောင်၊သွပ်မိုး၊အုတ်ခံအိမ် အနည်းငယ်သာရှိပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာပျဉ်ထောင်/ခင်း၊သွပ်မိုးအိမ်များဖြစ်ကြပါသည်။အဆင်မပြေသော အိမ်ထောင်စုအနေဖြင့် ဖက်မိုး၊ဖက်ကာ၊ထရံကာအိမ်များ တည်ဆောက်ထားခြင်း ဖြစ်ကြောင်းလေ့လာ တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

……

……

……

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၄	၁၃	၁၇
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၂	၂	၄
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျောင်းဇရပ်ကျေးရွာအနေဖြင့် ၆၄နှစ်အထက် ကျား(၄)ယောက်၊ မ(၁၃)ယောက်ရှိပြီး၊ မသန်စွမ်းသည့် ပုဂ္ဂိုလ်(၄) ယောက် ရှိပါသည်။ မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ် မရှိကြောင်း တွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတမ်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ)						
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ဌက်ဖျားရောဂါ		✓			✓	
၂၂	တီဘီရောဂါ		✓			✓	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ			✓			✓
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု						
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျောင်းဧရပ်ကျေးရွာအနေဖြင့် ငှက်ဖျားရောဂါ၊တီဗွီရောဂါ နှင့် စားနပ်ရိက္ခာမဖူလုံမှု အနည်းငယ်သာတွေ့ရှိရပါသည်။လွန်ခဲ့သော (၁၀)နှစ်က သဘာဝဘေးကြောင့် အိမ်ထောင်စုအနည်းငယ်သာ ထိခိုက်မှုဖြစ်ပွားပြီး တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	✓					✓
၃	ဆင်းရဲသားတောင်သူ						
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သည့် အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ			✓	✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများ(IDP)						
၈	မြေနိမ့်ပိုင်နေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ						
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျောင်းဇရပ်ကျေးရွာအနေဖြင့် အမျိုးသမီးဦးဆောင်ပြီး ဆင်းရဲသည့်မိသားစုမှာ အခက်အခဲနှင့်ပြဿနာများရှိပါသည်။ဝင်ငွေအလုံအလောက်မ ရရှိခြင်းကြောင့် စိတ်ထိခိုက်လွယ်မှု အခြေအနေများနှင့် ကြုံတွေ့ရကြောင်း၊ ကျေးရွာနေ ပြည်သူများ၏ ဝိုင်းဝန်းကူညီမှုများကြောင့် စိတ်ထိခိုက်မှု လျော့နည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
